# ပြည်ထောင်စုမြန်မာနိုင်ငံတော်

# jyewr;

**အမှတ် ၃၂]** ရန်ကုန်မြို့ { ၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၇ ရက် ( ၂၀၀၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက် ) } **သောကြာနေ့ [အတွဲ ၆၁**

ဤအပိုင်းကို သီးခြားစုပေါင်း၍တွဲထားနိုင်ရန် သီးခြားစာမျက်နှာတပ်ထားပါသည်။


## အပိုင်း ၁

ပြည်ထောင်စုမြန်မာနိုင်ငံတော်

**ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်**

**ကြေညာချက်အမှတ် (၁၇၂၇)**

၁၃၇၀ ပြည့်နှစ်၊ နယုန်လပြည့်ကျော် ၆ ရက်

( ၂၀၀၈ ခုနှစ်၊ ဇွန်လ ၂၄ ရက် )

အကြောင်းအရာ။ **ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်သုံးဦးတို့အား နုတ်ထွက်ခွင့်ပြုခြင်းနှင့် လစ်လပ်သွားသည့်နေရာများတွင် အစားထိုးတာဝန်ပေးအပ်ခြင်း**

ပြည်ထောင်စုမြန်မာနိုင်ငံတော်၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်က ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၁၆ ရက်စွဲပါ ကြေညာချက်အမှတ် (၁၆၉၈) ဖြင့် အစားထိုးတာဝန်ပေးအပ်ခဲ့သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေး ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်သုံးဦးတို့၏ လစ်လပ်နေရာများတွင် အောက်ပါပုဂ္ဂိုလ်များအား စတင်တာဝန်ထမ်းဆောင်သည့်နေ့မှစ၍ အစားထိုးတာဝန် ပေးအပ်လိုက်ပါသည် -

(၁) ဌာနဆိုင်ရာတာဝန်ဖြင့် ပြောင်းရွှေ့သွားသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးတင်ချယ် (ပြည်နယ်ဦးစီးဌာနမှူး၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန) အား နုတ်ထွက်ခွင့်ပြုပြီး ယင်း၏နေရာတွင် ဦးခင်မောင်ရင် (ပြည်နယ်ဦးစီးဌာနမှူး၊ ပြည်နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန)၊

(၂) ဌာနဆိုင်ရာတာဝန်ဖြင့် ပြောင်းရွှေ့သွားသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသန်းညွန့် (တွဲဖက်ပြည်နယ်ပညာရေးမှူး) အား နုတ်ထွက်ခွင့်ပြုပြီး ယင်း၏နေရာတွင် ဦးတင်အောင် (တွဲဖက်ပြည်နယ်ပညာရေးမှူး)၊

(၃) ဌာနဆိုင်ရာတာဝန်ဖြင့် ပြောင်းရွှေ့သွားသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်ခင်လှမြင့် (ခရိုင်ဦးစီးအရာရှိ၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန) အား နုတ်ထွက်ခွင့်ပြုပြီး ယင်း၏နေရာတွင် ဒေါ်ညိုညိုအောင် (ခရိုင်ဦးစီးအရာရှိ၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန)။

အမိန့်အရ
ဝင်းကို
အတွင်းရေးမှူး
ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## တရားရုံးချုပ်

## အမိန့်ကြော်ငြာစာအမှတ် ၆၃၈/၂၀၀၇

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၃ ရက်
( ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၂၇ ရက် )

တရားရုံးချုပ်သည် ၂၀၀၀ ပြည့်နှစ်၊ တရားစီရင်ရေးဥပဒေပုဒ်မ ၁၃ နှင့်အညီ တပ်ကုန်းမြို့နယ် တရားရုံးမှ ပထမတန်းရာဇဝတ်အာဏာရ မြို့နယ်တရားသူကြီး ဒေါ်လှိုင်လှိုင်ဝေ (တ/၂၅၆၄) အား မြို့နယ်တရားသူကြီးတာဝန် ထမ်းဆောင်နေစဉ်ကာလအတွင်း ကျင့်သုံးနိုင်ရန်အလို့ငှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၃၀ အရ အထူးရာဇဝတ်အာဏာ အပ်နှင်းလိုက်သည်။

အောင်တိုး၊
တရားသူကြီးချုပ်၊
တရားရုံးချုပ်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## ရှေ့နေချုပ်ရုံး

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်
( ၂၀၀၈ ခုနှစ်၊ မတ်လ ၁၇ ရက် )

အမှတ် ၃၄ ။ ။ အောက်ဖော်ပြပါ လက်ထောက်ညွှန်ကြားရေးမှူး/ခရိုင်ဥပဒေအရာရှိ (တာဝန်) (ဥပဒေအရာရှိအဆင့်-၂) လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) များအား ယင်းတို့၏အမည်နှင့် ယှဉ်တွဲဖော်ပြထားသော ဥပဒေရုံးအသီးသီးသို့ တာဝန်ဝတ္တရားများ စတင်လက်ခံဆောင်ရွက်သည့်နေ့မှစ၍ ဒုတိယညွှန်ကြားရေးမှူး၊ ခရိုင်ဥပဒေအရာရှိ (ဥပဒေအရာရှိအဆင့်-၁) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) များအဖြစ် အစမ်းတိုးမြှင့်ခန့်ထားလိုက်သည် -

| စဉ် | အမည်/ ကိုယ်ပိုင်အမှတ် | လက်ရှိရာထူး/ရုံး | ရာထူးတိုးမြှင့်ပြောင်းရွှေ့နေရာချထားသည့်ရုံး |
|---|---|---|---|
| ၁။ | ဦးဂွမ်ဆိုင်လီ ဥ/၁၆၁၆ | ခရိုင်ဥပဒေအရာရှိ(တာဝန်) မူဆယ်ခရိုင်ဥပဒေရုံး | ခရိုင်ဥပဒေအရာရှိ မူဆယ်ခရိုင်ဥပဒေရုံး [ရှေ့နေချုပ်ရုံး၊ နေပြည်တော် ဌာန-၄၊ဌာနခွဲ(၁၆)အင်အား] |

| **စဉ်** | **အမည်/ ကိုယ်ပိုင်အမှတ်** | **လက်ရှိရာထူး/ရုံး** | **ရာထူးတိုးမြှင့်ပြောင်းရွှေ့ နေရာချထားသည့်ရုံး** |
|---|---|---|---|
| ၂။ | ဒေါ်မြင့်မြင့်စိန် ဥ/၁၂၉၃ | လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံးခွဲ (မန္တလေး) | ဒုတိယညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံးခွဲ (မန္တလေး) ဌာန-၂၊ ဌာနခွဲ (၄) |
| ၃။ | ဦးမင်းသွင် ဥ/၁၇၁၇ | ခရိုင်ဥပဒေအရာရှိ(တာဝန်) ကော့သောင်းခရိုင်ဥပဒေရုံး | ဒုတိယညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး၊ နေပြည်တော် ဌာန-၁၊ ဌာနခွဲ (၁) |
| ၄။ | ဒေါ်ခင်မြတ်သူ ဥ/၁၆၀၉ | လက်ထောက်ညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံးခွဲ (ရန်ကုန်) | ဒုတိယညွှန်ကြားရေးမှူး ရှေ့နေချုပ်ရုံး၊ နေပြည်တော် ဌာန-၂၊ ဌာနခွဲ (၄) |

အေးမောင်၊
ရှေ့နေချုပ်၊
ရှေ့နေချုပ်ရုံး။

ပြည်ထောင်စုမြန်မာနိုင်ငံတော်

## ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

၁၃၇၀ ပြည့်နှစ်၊ ကဆုန်လပြည့်ကျော် ၄ ရက်
( ၂၀၀၈ ခုနှစ်၊ မေလ ၂၃ ရက် )

အမှတ် ၂၄ ။ ။ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနသို့ တွဲဖက်ထားသော ဗဟိုဝန်ထမ်းတက္ကသိုလ် (ဖောင်ကြီး) မှ သုတေသနအရာရှိ ဒေါ်ခင်ဝင်းကြူ လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) အား ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ကိုယ်ရေးအရာရှိ လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) ရာထူးအနွယ်ဖြင့် ဦးစီးအရာရှိ လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) ရာထူးတွင် ၂၀၀၈ ခုနှစ်၊ မေလ ၂၁ ရက်နေ့မှစ၍ သွတ်သွင်းခန့်ထားလိုက်သည်။

ဒေါက်တာသန်းညွန့်၊
ဥက္ကဋ္ဌ၊
ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ဝန်ကြီးရုံး

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၁ ရက်
( ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၇ ရက် )

အမှတ် ၂၃ ။ ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ အောက်ပါလက်ထောက်မန်နေဂျာ လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) (၃) ဦးအား မန်နေဂျာ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) ရာထူးသို့ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၆ ရက်နေ့မှစ၍ တိုးမြှင့်ခန့်ထားလိုက်သည် -

(က) ဦးအေးမြင့်
(ခ) ဦးကျော်မြင့်
(ဂ) ဦးမြင့်သိန်း

အမှတ် ၂၄ ။ ။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းအား အသက်ပြည့်အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ငြင်းပယ်ခွင့်ပြုပြီး ဖြစ်၍ မြို့ပြဝန်ထမ်းဥပဒေအပိုဒ် (၄၅၈) အရ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၆ ရက်နေ့မှစ၍ သက်ပြည့်အငြိမ်းစားယူခွင့် ပြုလိုက်သည်။

အမှတ် ၂၅ ။ ။ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်နေ့တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ် (၄/၂၀၀၈) ၏ သဘောတူညီချက်အရ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဦးအုန်းသန်းအား အငြိမ်းစားယူပြီးနောက် ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၇ ရက်နေ့မှစ၍ လစဉ်ချီးမြှင့်ငွေ ၁၅၀,၀၀၀/- နှုန်းဖြင့် အကြံပေးအရာရှိအဖြစ် ပထမအကြိမ် တစ်နှစ် ခန့်ထားလိုက်သည်။

အမှတ် ၂၆ ။ ။ အကြံပေးအရာရှိအဖြစ်ခန့်ထားသော ဦးအုန်းသန်းအား ဦးဆောင်ညွှန်ကြားရေးမှူးအဖြစ် ပူးတွဲတာဝန်ပေးအပ်လိုက်သည်။

အမှတ် ၂၇ ။ ။ ဦးအုန်းသန်းအား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လ ခံစားခွင့်မပြုဘဲ ငြင်းပယ်ခဲ့ခြင်းကြောင့်လည်းကောင်း၊ မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းတွင် အကြံပေးအရာရှိအဖြစ် ဆက်လက်ခန့်ထားခြင်းကြောင့်လည်းကောင်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၉၈၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့စွဲပါ စာအမှတ်၊ ဘ-၂ (၁/၅၀) (၈၃) အရ ငြင်းပယ်ထားသော ကြိုတင်ပြင်ဆင်ခွင့် (၄) လအတွက် ခွင့်လစာများ တစ်လုံးတစ်ခဲတည်း ထုတ်ယူခံစားခွင့်ပြုလိုက်သည်။

ဗိုလ်ချုပ်ဌေးဦး၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## အမှတ် (၁) စက်မှုဝန်ကြီးဌာန

## ဝန်ကြီးရုံး

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၁၁ ရက်
( ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၈ ရက် )

အမှတ် ၁၀ ။ ။ မြန်မာ့စားသောက်ကုန်လုပ်ငန်း၊ ပခုက္ကူ အမှတ် (၂) စီးကရက်စက်ရုံမှ လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) တန်း အလုပ်ရုံခွဲမှူး (ဘဏ္ဍာရေး) ရာထူးဖြင့် ဝင်းသူဇာအရောင်းဆိုင် (ပခုက္ကူ) ၏ ဆိုင်တာဝန်ခံ တာဝန်ထမ်းဆောင်လျက်ရှိသော ဦးမြင့်မောင်သည် ဝင်းသူဇာအရောင်းဆိုင် (ပခုက္ကူ) တွင် သပိတ်များရောင်းအားကောင်းသော်လည်း တောင်းခံအရေအတွက် အတိုင်း အပြည့်အဝမရရှိခြင်းကို အထက်အကြီးအကဲအဆင့်ဆင့်သို့ သတင်းပို့ တင်ပြမှုမရှိခြင်း၊ ဝင်းသူဇာအရောင်းဆိုင်တာဝန်ခံတစ်ဦးအနေဖြင့် လိုက်နာ ဆောင်ရွက်သင့်သည့်တာဝန်များ ပျက်ကွက်ခဲ့ခြင်းတို့ကို စစ်ဆေးတွေ့ရှိရသဖြင့် ၎င်းအား စာဖြင့်သတိပေးလိုက်သည်။

၁၃၆၉ ခုနှစ်၊ ပြာသိုလဆန်း ၁၄ ရက်
( ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက် )

အမှတ် ၁၁ ။ ။ စက်မှုညွန်ကြားရေးဦးစီးဌာနမှ လစာနှုန်း (၁၀၀,၀၀၀-၂,၀၀၀-၁၁၀,၀၀၀) တန်း ဒုတိယလက်ထောက်ညွှန်ကြားရေးမှူး (စက်မှုကုန်ကြမ်း) ဦးစန်းမြင့်အား ယင်းဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) တန်း လက်ထောက်ညွှန်ကြားရေးမှူး (စက်မှုကုန်ကြမ်း) ရာထူးသို့ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၂၁ ရက်နေ့မှစ၍ လုပ်ငန်းလိုအပ်ချက်အရ ရာထူးတိုးမြှင့်ခန့်ထားလိုက်သည်။

အောင်သောင်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
အမှတ် (၁) စက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

**အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန**
**(ဝန်ကြီးရုံး)**

**အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၀၈)**

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက်
( ၂၀၀၈ ခုနှစ်၊ မတ်လ ၂၄ ရက် )

အကြောင်းအရာ။ ။ **ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်အား အမည်ပျက်စာရင်း (Black List) သတ်မှတ်ခြင်းနှင့် ဒါရိုက်တာအဖွဲ့ဝင်များအား နောက်ဆုံးအကြိမ် သတိပေးခြင်း။**

၁။ ရွှေလက်မောင်းကုမ္ပဏီလီမိတက် (Golden Arm Co., Ltd.) သည် အလုပ်သမားဝန်ကြီးဌာန၏ ပြည်ပအလုပ်အကိုင်ရှာဖွေရေးအေဂျင်စီအမှတ် ၁၀၉/၂၀၀၆ ဖြင့် မလေးရှားနိုင်ငံသို့ သွားရောက်လုပ်ကိုင်သည့် အလုပ်သမားများကိုသာ ရှာဖွေစုဆောင်းပေးပို့ရန် တည်ထောင်ထားသော်လည်း ထိုင်းနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်မည့် မောင်ရန်နိုင်ပါ (၄) ဦးထံမှ ဗီဇာဆောင်ရွက်ခ၊ လေယာဉ်လက်မှတ်ခ အပါအဝင် အထွေထွေကုန်ကျစရိတ်အမေရိကန်ဒေါ်လာ (၁၆၀၀) ကို လက်ခံရယူခဲ့ပြီး ထိုင်းနိုင်ငံသို့ ပို့ဆောင်ခဲ့သော်လည်း အလုပ်မရရှိသည့်အပြင် ဗီဇာသက်တမ်းကုန်ဆုံးသဖြင့် ပြန်လာခဲ့ရကြောင်း ပြည်ထဲရေးဝန်ကြီးဌာနမှ စိစစ်တွေ့ရှိရသဖြင့် အမိန့်ကြော်ငြာစာထုတ်ပြန်သည့်နေ့မှစ၍ သက်ဆိုင်ရာကုမ္ပဏီအား ဖျက်သိမ်းပြီး ကုမ္ပဏီနှင့် အုပ်ချုပ်မှုဒါရိုက်တာ ဦးမောင်ဘအား အမည်ပျက်စာရင်း (Black List) တွင် ထည့်သွင်းသတ်မှတ်လိုက်သည်။

**အမည်ပျက်စာရင်း (Black List) တွင် ထည့်သွင်းသည့် ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်**

| | | | |
|---|---|---|---|
| (က) | ကုမ္ပဏီအမည် | - | ရွှေလက်မောင်းကုမ္ပဏီလီမိတက်<br>Golden Arm Co., Ltd. |
| | ကုမ္ပဏီမှတ်ပုံတင်အမှတ်/နေ့စွဲ | - | ၁၈၃/၂၀၀၄-၂၀၀၅<br>(၆-၅-၂၀၀၄) |

လုပ်ငန်းအမျိုးအစား - ဝန်ဆောင်မှုလုပ်ငန်း
လိပ်စာ - အမှတ် (၁၁၈)၊ မြေညီထပ်၊ ၃၉-လမ်း (အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

(ခ) **လူပုဂ္ဂိုလ်**

(၁) အမည် - ဦးမောင်ဘ
နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် - BTG - ၁၄၆၉၈၀
လိပ်စာ - အမှတ် (၂၂၈)၊ အနော်မာ (၁၈) လမ်း၊ ၂/မြောက် ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။

**နောက်ဆုံးအကြိမ်သတိပေးသည့် ဒါရိုက်တာအဖွဲ့ဝင်များ၏ အမည်စာရင်း**

၂။ ရွှေလက်မောင်းကုမ္ပဏီလီမိတက် (Golden Arm Co., Ltd.) မှ အောက်ဖော်ပြပါ ဒါရိုက်တာအဖွဲ့ဝင် (၄) ဦးကိုလည်း နောင်အခါ ယင်းဖြစ်စဉ်မျိုး ထပ်မံဖြစ်ပေါ်ပါက ကုမ္ပဏီဖွဲ့စည်းလုပ်ကိုင်ခွင့်ပြုမည်မဟုတ်ကြောင်းကို နောက်ဆုံးအကြိမ်အဖြစ် မှတ်တမ်းတင်သတိပေးလိုက်သည်။

| စဉ် | အမည်/မှတ်ပုံတင်အမှတ် | ရာထူး |
|---|---|---|
| (က) | ဦးလေးမြင့် (ခ) ဦးကလူမြာ<br>BTG - ၂၀၂၇၁၂ | ဒါရိုက်တာ |
| (ခ) | ဦးကိုကိုဇော်<br>၁၂/အစန (နိုင်) ၁၇၂၆၂၈ | ဒါရိုက်တာ |
| (ဂ) | ဒေါ်ခင်စုလှိုင်<br>၁၂/ဥကတ (နိုင်) ၁၃၉၄၁၀ | ဒါရိုက်တာ |
| (ဃ) | ဦးလှမျိုး<br>၁၂/ဗဟန (နိုင်) ၀၈၅၇၆၀ | ဒါရိုက်တာ |

ဝန်ကြီး (ကိုယ်စား)၊
(ဗိုလ်မှူးကြီး သူရိန်ဇော်၊ ဒုတိယဝန်ကြီး)၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ပို့ဆောင်ရေးဝန်ကြီးဌာန

## (ဝန်ကြီးရုံး)

## အမိန့်အမှတ် (၃၅/၂၀၀၈)

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၅ ရက်
( ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၁ ရက် )

၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၇/၂၀၀၈) ၏ သဘောတူခွင့်ပြုချက်အရ ပို့ဆောင်ရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (အငြိမ်းစား) ဒေါ်ကြည်ကြည်လှိုင်အား ၂၀၀၈ ခုနှစ်၊ မတ်လ ၃၀ ရက်နေ့ နံနက်ပိုင်းမှစ၍ လစဉ်ချီးမြှင့်ငွေ ၇၃,၀၀၀/- (ကျပ်ခုနစ်သောင်းသုံးထောင်တိတိ) ဖြင့် အကြံပေးအရာရှိအဖြစ် ပထမအကြိမ် (၁) နှစ် တာဝန်ပေးခန့်ထားလိုက်သည်။

ဒေါ်ကြည်ကြည်လှိုင်အား အကြံပေးအရာရှိတာဝန်များအပြင် ပို့ဆောင်ရေးဦးစီးဌာန၏ ညွှန်ကြားရေးမှူးတာဝန်ကို ပူးတွဲထမ်းဆောင်စေလိုက်သည်။

ဒေါ်ကြည်ကြည်လှိုင်အား အငြိမ်းစားမယူမီ ကြိုတင်ပြင်ဆင်ခွင့် (၄) လကို ခံစားခြင်းမပြုဘဲ ငြင်းပယ်ခဲ့ခြင်းကြောင့်လည်းကောင်း၊ အကြံပေးအရာရှိအဖြစ် ဆက်လက်ခန့်ထားခြင်းကြောင့်လည်းကောင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ ၁၉၈၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့စွဲပါစာအမှတ်၊ ဘ-၂ (၁)/(၅၀)(၈၃) အရ ငြင်းပယ်ထားခဲ့သော ကြိုတင်ပြင်ဆင်ခွင့် (၄) လအတွက် ခွင့်လစာများကို တစ်လုံးတစ်ခဲတည်း ခံစားခွင့်ပြုလိုက်သည်။

ဗိုလ်ချုပ်သိန်းဆွေ၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ပို့ဆောင်ရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## အလုပ်သမားဝန်ကြီးဌာန
## (ဝန်ကြီးရုံး)
## အမိန့်ကြော်ငြာစာအမှတ် (၆၈/၂၀၀၇)

နေပြည်တော်၊ ၁၃၆၉ ခုနှစ်၊ နတ်တော်လဆန်း ၃ ရက်
( ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၂ ရက် )

၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် ကျင်းပပြုလုပ်သော အလုပ်သမားဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ (၂၈/၂၀၀၇) ကြိမ်မြောက် အစည်းအဝေးဆုံးဖြတ်ချက်အရ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနနှင့် အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာနတို့မှ ဦးစီးအရာရှိ (စီမံ-၂) (၆) ဦးတို့အား အလုပ်ဝတ္တရားများ လွှဲပြောင်းလက်ခံသည့်နေ့မှစ၍ အောက်ဖော်ပြပါအတိုင်း ပြောင်းရွှေ့နေရာချထားလိုက်သည် -

| **စဉ်** | **အမည်** | **လက်ရှိတာဝန် ထမ်းဆောင်နေသည့် ရာထူး/ဌာန** | **ပြောင်းရွှေ့နေရာ ချထားသည့် ရာထူး/ဌာန၊ ရုံး** |
|---|---|---|---|
| (က) | ဦးစိုးဝင်း | ဦးစီးအရာရှိ (စီမံ-၂) အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန (မြို့နယ်ရုံး) မင်္ဂလာဒုံမြို့နယ် | ဦးစီးအရာရှိ (စီမံ-၂) အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီး ဌာန၊ မြောက်ပိုင်းခရိုင်ရုံး၊ အင်းစိန် |
| ( ခ ) | ဦးမြင့်အောင် | ဦးစီးအရာရှိ (စီမံ-၂) အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန (မြို့နယ်ရုံး) မော်လမြိုင် | ဦးစီးအရာရှိ (စီမံ-၂) အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီး ဌာန၊ မော်လမြိုင်ခရိုင်ရုံး |
| ( ဂ ) | ဦးလှရွှေ | ဦးစီးအရာရှိ (စီမံ-၂) အလုပ်သမားညွှန်ကြားရေး ဦးစီးဌာန (မြို့နယ်ရုံး) ပြည်ကြီးတံခွန်မြို့နယ် မန္တလေးမြို့ | ဦးစီးအရာရှိ (စီမံ-၂) အလုပ်ရုံနှင့် အလုပ်သမား ဥပဒေစစ်ဆေးရေးဦးစီး ဌာန၊ ပြင်ဦးလွင်ခရိုင်ရုံး၊ မန္တလေးမြို့ |

| စဉ် | အမည် | လက်ရှိတာဝန်ထမ်းဆောင်နေသည့် ရာထူး/ဌာန | ပြောင်းရွှေ့နေရာချထားသည့် ရာထူး/ဌာန၊ ရုံး |
|---|---|---|---|
| (ဃ) | ဦးကျော်ငွေအောင် | ဦးစီးအရာရှိ (စီမံ-၂) (အလုပ်ရုံစစ်ဆေးရေး) အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်) | ဦးစီးအရာရှိ (စီမံ-၂) (အလုပ်ရုံစစ်ဆေးရေး) အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ မြို့နယ်ရုံး၊ လှိုင်သာယာမြို့နယ် |
| (င) | ဦးစောငွေမြင့်ဦး | ဦးစီးအရာရှိ (စီမံ-၂) (အလုပ်ရုံစစ်ဆေးရေး) အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်) | ဦးစီးအရာရှိ (စီမံ-၂) (အလုပ်ရုံစစ်ဆေးရေး) အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ ပုသိမ်ခရိုင်ရုံး |
| (စ) | ဦးဖြိုးဝေဇော် | ဦးစီးအရာရှိ (စီမံ-၂) (အလုပ်ရုံစစ်ဆေးရေး) အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်) | ဦးစီးအရာရှိ (စီမံ-၂) (အလုပ်ရုံစစ်ဆေးရေး) အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ မုံရွာခရိုင်ရုံး |

ဦးအောင်ကြည်၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
အလုပ်သမားဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ပညာရေးဝန်ကြီးဌာန

## ဝန်ကြီးရုံး

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၉ ရက်

( ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက် )

အမှတ် ၂၀ ။ ။ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးသော ပညာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၈) ဆုံးဖြတ်ချက်အရ အဆင့်မြင့်ပညာဦးစီးဌာန (အောက်/အထက် မြန်မာပြည်) တို့အောက်ရှိ တက္ကသိုလ်အသီးသီးတွင် ဒုတိယပါမောက္ခချုပ်လစာနှုန်း (၁၆၀,၀၀၀-၂,၀၀၀-၁၇၀,၀၀၀) အဖြစ် အစမ်းခန့်ထားခဲ့သော အောက်ဖော်ပြပါ ဒုတိယပါမောက္ခချုပ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြပါ တက္ကသိုလ်အသီးသီးတွင် အတည်ပြုခန့်ထားလိုက်သည် -

| စဉ် | အမည် | ခန့်ထားသည့်တက္ကသိုလ် |
|---|---|---|
| ၁။ | ဒေါက်တာကိုကိုကျော်စိုး | ရန်ကုန်တက္ကသိုလ် |
| ၂။ | ဒေါက်တာဒေါ်လွင်လွင်စိုး | ရန်ကုန်ပညာရေးတက္ကသိုလ် |
| ၃။ | ဒေါက်တာဒေါ်မာလာအောင် | ရန်ကုန်အဝေးသင်တက္ကသိုလ် |
| ၄။ | ဒေါက်တာညွန့်ဖေ | ပုသိမ်တက္ကသိုလ် |
| ၅။ | ဒေါက်တာလှငွေ | ဒဂုံတက္ကသိုလ် |

| စဉ် | အမည် | ခန့်ထားသည့်တက္ကသိုလ် |
|---|---|---|
| ၆။ | ဒေါက်တာသူရဦး | မိတ္ထီလာတက္ကသိုလ် |
| ၇။ | ဒေါက်တာခင်ဆွေမြင့် | မန္တလေးတက္ကသိုလ် |
| ၈။ | ဒေါက်တာမူမူမြင့် | တောင်ကြီးတက္ကသိုလ် |
| ၉။ | ဒေါက်တာအောင်မင်း | မန္တလေးအဝေးသင်တက္ကသိုလ် |
| ၁၀။ | ဒေါက်တာမောင်မောင် | မုံရွာတက္ကသိုလ် |
| ၁၁။ | ဒေါက်တာသန်းထွန်းဦး | ရတနာပုံတက္ကသိုလ် |
| ၁၂။ | ဒေါက်တာစိုးဝင်း | မုံရွာစီးပွားရေးတက္ကသိုလ် |
| ၁၃။ | ဒေါက်တာမြင့်လွင် | ကျောက်ဆည်တက္ကသိုလ် |

အမှတ် ၂၁ ။ ။ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ကျင်းပပြီးစီးခဲ့သော ပညာရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီ အစည်းအဝေး အမှတ်စဉ် (၁/၂၀၀၈) ၌ သဘောတူဆုံးဖြတ်ချက်အရ အမှတ် (၁) အခြေခံပညာဦးစီးဌာနအောက်ရှိ ပဲခူးတိုင်း (အနောက်ပိုင်း)၊ တိုင်းပညာရေးမှူး (စီမံ-အငယ်တန်း) ဦးဖုန်းမြင့်လွင်အား ပဲခူးတိုင်း (အရှေ့ပိုင်း) တိုင်းပညာရေးမှူး (စီမံ-အကြီးတန်း) လစာနှုန်း (၁၂၀,၀၀၀-၂,၀၀၀-၁၃၀,၀၀၀) အဖြစ် အစမ်း (၁) နှစ် တိုးမြှင့်ခန့်ထားလိုက်သည်။

၁၃၆၉ ခုနှစ်၊ တပို့တွဲလဆန်း ၁၂ ရက်
( ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက် )

အမှတ် ၂၂ ။ ။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၂၅ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၁၂/၂၀၀၈) အရ မန္တလေးတက္ကသိုလ် ဒုတိယပါမောက္ခချုပ်ရာထူးမှ ပါမောက္ခချုပ်ရာထူးသို့ တိုးမြှင့်ခန့်ထားခဲ့သည့် ဒေါက်တာမြအေးသည် ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၂၈ ရက်နေ့ နံနက်ပိုင်းမှစ၍ မန္တလေးတက္ကသိုလ်ပါမောက္ခချုပ်၏ အလုပ်ဝတ္တရားများကို စတင်ထမ်းဆောင်သည်။

ဒေါက်တာချမ်းငြိမ်း၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ပညာရေးဝန်ကြီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

၁၃၆၉ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၁၄ ရက်
( ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၇ ရက် )

အမှတ် ၆ ။ ။ ကျန်းမာရေးဝန်ကြီးဌာန၊ စီမံခန့်ခွဲရေးကော်မတီ၏ ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့တွင် ကျင်းပသော အစည်းအဝေးအမှတ်စဉ် (၁/၂၀၀၈) ဆုံးဖြတ်ချက်အရ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ကြီးဌာနသို့ သဘောတူပေးပို့လာသော နိုင်ငံ့ဝန်ထမ်းအဖြစ် (အမြဲတမ်း) တာဝန်ထမ်းဆောင်ရန် ဆန္ဒပြုထား

သည့် အောက်ဖော်ပြပါ သစ်လွင်ဆရာဝန်များအား အမည်နှင့်ယှဉ်တွဲပါ ရာထူး၊ ဌာနများတွင် အလုပ်စတင်ဝင်ရောက်ထမ်းဆောင်သည့်နေ့မှစ၍ လစာနှုန်း (၈၀,၀၀၀-၂,၀၀၀-၉၀,၀၀၀) အဆင့် လက်ထောက်ဆရာဝန်များအဖြစ် အစမ်းခန့်ထားလိုက်သည် -

| **စဉ်** | **အမည်၊ အဘအမည်** | **ခန့်ထားသည့်ရာထူး၊ ဌာန** |
|---|---|---|
| ၁။ | ဒေါက်တာရွှေရည်ဝေ<br>ဘ-ဦးဝင်းရွှေ | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၂။ | ဒေါက်တာနှင်းလွင်လွင်ဦး<br>ဘ-ဦးမြင့်ဦး | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၃။ | ဒေါက်တာမိုးမိုးသက်<br>ဘ-ဦးသက်ဦး | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၄။ | ဒေါက်တာနှင်းချယ်ရီထွဋ်<br>ဘ-ဦးရဲထွဋ် | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၅။ | ဒေါက်တာသဉ္ဇာမင်း<br>ဘ-ဦးအမင်း | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၆။ | ဒေါက်တာနော်အောဘွယ်<br>ဘ-ဦးစောဘယ်ရီ | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၇။ | ဒေါက်တာဝိုင်းကေကေသန့်<br>ဘ-ဦးတင်မောင်သန့် | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၈။ | ဒေါက်တာခင်သန္တာကျော်<br>ဘ-ဦးကျင်စိန် | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၉။ | ဒေါက်တာခင်မြတ်ဆုသွင်<br>ဘ-ဦးအုန်းသွင် | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၁၀။ | ဒေါက်တာခင်ဆွေဆွေအောင်<br>ဘ-ဦးဝင်းအောင် | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၁၁။ | ဒေါက်တာဇင်ဖြူဝင်း<br>ဘ-ဦးညိုဝင်း | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၁၂။ | ဒေါက်တာနုကေသီစံ<br>ဘ-ဦးစံစံမောင် | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၁၃။ | ဒေါက်တာစောမဥ္ဇူလှိုင်<br>ဘ-ဦးရွှေသာ | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |

| စဉ် | အမည်၊ အဘအမည် | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| ၁၄။ | ဒေါက်တာချိုဇင်လင်း<br>ဘ-ဦးသိန်းစိုး | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၁၅။ | ဒေါက်တာခင်မေတ္တာမိုးစံ<br>ဘ-ဦးညွန့်ဝေ | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၁၆။ | ဒေါက်တာခင်သီတာစိုး<br>ဘ-ဦးစိုးလှ | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၁၇။ | ဒေါက်တာအေးအေးမွန်<br>ဘ-ဦးစတစ် (ခ) ဦးတင်ဖော် | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၁၈။ | ဒေါက်တာဒေါ်တင်မျိုးသက်<br>ဘ-ဦးလှတင် | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၁၉။ | ဒေါက်တာလဲ့ရည်ဝင်း<br>ဘ-ဦးဝင်းမောင် | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၂၀။ | ဒေါက်တာမေဇင်ဝင်း<br>ဘ-ဦးဝင်းဖေ | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၂၁။ | ဒေါက်တာတင်ထက်ခိုင်<br>ဘ-ဦးဝင်းမော် | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၂၂။ | ဒေါက်တာရည်မွန်မြင့်<br>ဘ-ဦးအုန်းသိန်း | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၂၃။ | ဒေါက်တာသင်းဇာခြည်ခင်<br>ဘ-ဦးအုန်းကြိုင် | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၂၄။ | ဒေါက်တာဇင်မာသန်း<br>ဘ-ဦးအောင်သန်းရွှေ | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၂၅။ | ဒေါက်တာသန္တာဦး<br>ဘ-ဦးစိန်ဝင်း | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၂၆။ | ဒေါက်တာမေသူဝင်း<br>ဘ-ဦးမောင်မောင်ဝင်း | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၂၇။ | ဒေါက်တာဒေါ်ရွှေမြာ<br>ဘ-ဦးဗျားရယ် | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၂၈။ | ဒေါက်တာကျော်ဇင်ဟန်<br>ဘ-ဦးဟန်ငွေ | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |

| စဉ် | အမည်၊ အဘအမည် | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| ၂၉။ | ဒေါက်တာသိမ့်မျက်သွယ်<br>ဘ-ဦးဇော်ဇင်ဦး | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၃၀။ | ဒေါက်တာမျိုးသီရိလွင်<br>ဘ-ဦးမြင့်လွင် | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၃၁။ | ဒေါက်တာသန္တာမောင်ဝင်း<br>ဘ-ဦးမောင်ဝင်း | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၃၂။ | ဒေါက်တာသန့်ဇော်လွင်<br>ဘ-ဦးစန်းလွင် | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၃၃။ | ဒေါက်တာဆွေလွင်ထွန်း<br>ဘ-ဦးချစ်ပေါ | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၃၄။ | ဒေါက်တာငြိမ်းယုဟန်<br>ဘ-ဦးမြသောင်း | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၃၅။ | ဒေါက်တာမျိုးမျိုးခိုင်<br>ဘ-ဦးအောင်သန်း | လက်ထောက်ဆရာဝန်<br>မြောက်ဥက္ကလာပပြည်သူ့ဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၃၆။ | ဒေါက်တာဇေယျာဝင်း<br>ဘ-ဦးအောင်ကြီး | လက်ထောက်ဆရာဝန်<br>အရိုးရောဂါအထူးကုဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၃၇။ | ဒေါက်တာမိုးဟိန်း<br>ဘ-ဦးမောင်မြင့် | လက်ထောက်ဆရာဝန်<br>အရိုးရောဂါအထူးကုဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၃၈။ | ဒေါက်တာခင်မောင်စိုး<br>ဘ-ဦးစိုး | လက်ထောက်ဆရာဝန်<br>အရိုးရောဂါအထူးကုဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၃၉။ | ဒေါက်တာဦးကြိုင်ထွန်းဦး<br>ဘ-ဦးမောင်ကြိုင် | လက်ထောက်ဆရာဝန်<br>အရိုးရောဂါအထူးကုဆေးရုံကြီး<br>ရန်ကုန်မြို့ |
| ၄၀။ | ဒေါက်တာကောင်းမြတ်မင်း<br>ဘ-ဦးသန်းမြင့် | လက်ထောက်ဆရာဝန်<br>အရိုးရောဂါအထူးကုဆေးရုံကြီး<br>ရန်ကုန်မြို့ |

**မှတ်ချက်။** ရာထူးခန့်ထားသည့် လက်ထောက်ဆရာဝန် (သစ်လွင်) များသည် ကျန်းမာကြောင်းဆေးလက်မှတ် တင်ပြနိုင်မှသာ ရာထူးခန့်ထားခြင်းသည် အတည်ဖြစ်သည်။

ပါမောက္ခဒေါက်တာကျော်မြင့်၊
ဝန်ကြီး၊
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ၊
ကျန်းမာရေးဝန်ကြီးဌာန။